ဘုရားကုန်းကျေးရွာ

ငြိမ်းအေးအုပ်စု၊ဇလွန်မြို့နယ်

ဧရာဝတီတိုင်းဒေသကြီး

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းစာတမ်း

(ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေး

ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ)

စီမံကိန်းပြုစုရေးသားသည့်အဖွဲ့

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ ဘုရားကုန်းကျေးရွာ

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဇလွန်မြို့နယ်၏အကူ

အညီဖြင့်ရေးဆွဲပါသည်။)

ဇန်နဝါရီလ၊ ၂၀၂၄

## မာတိကာ

မာတိကာ
အတိုကောက်စကားလုံးများ ၁
စကားချီး ၂
ဘုရားကုန်းကျေးရွာအရင်းအမြစ်ပြမြေပုံ၊ ဇလွန်မြို့နယ် ၃
ဘုရားကုန်းကျေးရွာ ရာသီခွင်ပြက္ခဒိန်၊ ဇလွန်မြို့နယ် ၄

**အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ်**

(၁) နိဒါန်း– ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၅
(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်
(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု ၆

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၆
(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား ၆
(ခ) သဘာဝအရင်းအမြစ်များ ၇

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၇
(က) လူဦးရေဆိုင်ရာ အချက်လက်များ
(ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု
(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု
(ဃ) ကျန်းမာရေး နှင့် အာဟာရ
(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ
(စ) ကျားမဆိုင်ရာဆက်နွယ်မှု

(၄) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ ၁၀
(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်
(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ
(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ
(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု
(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု
(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး
(ဆ) လူငယ်နှင့် ယဉ်ကျေးမှု
(ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု – လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး
(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၃

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၁၅

(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များ နှင့် ဗဟိုအဆင့် မူဝါဒများ အကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ ၁၆

(၈) ဦးစားပေးစီမံချက်များနှင့်၄င်း အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ ၁၇
(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်
(ခ) ကဏ္ဍ နှင့် ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း
(ဂ) ဦးစားပေး စီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၀

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ ၂၁
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း ၂၂
(က) ကြီးကြပ်စစ်ဆေးခြင်း
(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း
(ဂ) နည်းပညာဆိုင်ရာ အကူအညီ

**နောက်ဆက်တွဲ**
**နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ** ၂၄
(၁) လူမှုစီးပွားရေး အခြေအနေ
ဇယား ၁လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား ၂ လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား
ဇယား ၃ လုပ်ငန်းနှင့် ကျား၊မအလိုက် အနည်းဆုံးနှင့် အများဆုံးလုပ်အားခနှုန်းထား
ဇယား ၄ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု
ဇယား ၅ ဓါတ်သတ္တုနှင့် အခြားသဘာဝအရင်းမြစ်များ
ဇယား ၆ ဥစ္စာဓနအဆင့်အခြေအနေ
ဇယား ၇ ဝမ်းစာဖူလုံမှု
ဇယား ၈ ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ
ဇယား ၉ ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

**(၂) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ**


ဇယား ၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

ဇယား ၁၁ ကျေးရွာအတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား ၁၃ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

ဇယား ၁၄ ကျေးရွာ၏ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

ဇယား ၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား ၁၆ ကျေးရွာ၏စိုက်ပျိုးရေးသုံးကိရိယာများပိုင်ဆိုင်မှု

ဇယား ၁၇ သီးနှံအထွက်နှုန်းတိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့်အခက်အခဲများ

ဇယား ၁၉ မွေးမြူရေးနှင့် ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

ဇယား ၂၀ မွေးမြူရေးကဏ္ဍထုတ်လုပ်မှုတိုးတက်စေရန်အတွက်အခွင့်အလမ်းများ

ဇယား ၂၁ မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုတတိုးတက်စေရန်အတွက် ပြဿနာနှင့်စိန်ခေါ်မှုများ

ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ

ဇယား ၂၃ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် ပြဿနာနှင့်အခက်အခဲများ

ဇယား ၂၄ ရွှေ့ပြောင်းသွားလာမှုဖြစ်ပေါ်လာပုံ၊ ပုံစံနှင့်အချိန်ကာလ

ဇယား ၂၅ ရွှေ့ပြောင်းသွားရခြင်း၏ အဓိကအကြောင်းရင်းများ

ဇယား ၂၆ ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ

ဇယား ၂၇ ကုန်စည်နှင့်ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှုအခြေအနေ

ဇယား ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့်ဘဏ်လုပ်ငန်း

ဇယား ၂၉ ပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်များစီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ

ဇယား ၃၀ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း

ဇယား ၃၁ ကျောင်းတက်နှုန်း

ဇယား ၃၂ စာသင်ကျောင်းဆောင်အခြေအနေနှင့်ဝန်ဆောင်မှုများ

ဇယား ၃၃ ပညာရေးအခက်အခဲနှင့်ပြဿနာများ

ဇယား ၃၄ အဖြစ်များသောရောဂါများ

ဇယား ၃၅ လွန်ခဲ့သော(၁၂)လအတွင်း ကာကွယ်ဆေးထိုးနှံမှု

ဇယား ၃၆ ကျန်းမာရေးအထောက်အပံ့နှင့်ဝန်ဆောင်မှုများ

ဇယား ၃၇ သောက်သုံးရေရရှိမှု

ဇယား ၃၈ အိမ်သာအမျိုးအစား

ဇယား ၃၉ ကျား–မရေးရာ

ဇယား ၄၀ ကျေးရွာ၏လမ်းတည်ရှိမှုအခြေအနေ

ဇယား ၄၁ ကျေးရွာ၏တံတားတည်ရှိမှု

ဇယား ၄၂ ရေကြောင်းသယ်ယူပို့ဆောင်ရေး

ဇယား  ၄၃  သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား  ၄၄  လျှပ်စစ်မီးရရှိမှုအခြေအနေ
ဇယား  ၄၅  ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်ဆိုင်ရာနည်းပညာအခြေအနေ
ဇယား  ၄၆  ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေးအခြေအနေ
ဇယား  ၄၇  ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု
ဇယား  ၄၈  မှုခင်းဖြစ်ပွားမှုအခြေအနေ

**နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်း များ၊ အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ  ၇၇**
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

**နောက်ဆက်တွဲ (၃)ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ) ၇၉**
**ကိုးကားစာရင်း**

## အတိုကောက်စကားလုံးများ

| | |
|---|---|
| AIDS | ခုခံအားကျဆင်းမှုရောဂါ |
| DRD | ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန |
| HIV | ခုခံအားကျဆင်းမှုရောဂါဖြစ်စေသောပိုင်းရပ်စ် |
| MADB | မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် |
| MEB | မြန်မာ့စီးပွားရေးဘဏ် |
| MMK | မြန်မာကျပ် |
| MCRD | သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန |
| NGO | အစိုးရမဟုတ်သောအဖွဲ့အစည်း |
| PRA | ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်း |
| SLRD | ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန |
| STD | လိင်မှတဆင့်ကူးစက်တတ်သောရောဂါများ |
| PTA | မိဘဆရာအသင်း |
| TB | တီဘီရောဂါ |
| VDG | ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့ |

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၂၄/၂၅ ဘဏ္ဍာရေးနှစ်မှ ၂၀၂၈/၂၉ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင် ရေးဆွဲထား သည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။အရေးကြီးသောအချက်အလက်များနှင့်အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်း များကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင်ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်းလူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သောကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါ သည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့်အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုး မှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေး ဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက်ပံ့ပိုးကူညီမှုများ ရရှိ နိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့် ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများ ဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏အသေးစိတ် အချက်အလက်များ ပါဝင်ပါသည်။

ဇန်နဝါရီလ၊ ၂၀၂၄

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
ဘုရားကုန်းကျေးရွာ
ဇလွန်မြို့နယ်

# ငြိမ်းအေးအုပ်စု၊ ဘုရားကုန်းကျေးရွာ သယံဇာတပြမြေပုံ



# ငြိမ်းအေးအုပ်စု၊ ဘုရားကုန်းကျေးရွာရာသီခွင်ပြက္ခဒိန်

## ဘုရားကုန်းကျေးရွာ · ရာသီခွင် ပြက္ခဒိန်

| စဉ် | အကြောင်းအရာ | တန်ခူး | ကဆုန် | နယုန် | ဝါဆို | ဝါခေါင် | တော်သလင်း | သီတင်းကျွတ် | တန်ဆောင်မုန်း | နတ်တော် | ပြာသို | တပို့တွဲ | တပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁. | ရာသီဥတု | | | | | | | | | | | | |
| ၂. | စိုက်ပျိုးရေး | ပဲသိမ်း | - | စပါးစိုက် | စပါးစိုက် | ဆေးဖျန်း | အစာကျွေး | စပါးသိမ်း | စပါးသိမ်း | ပဲစိုက် | ပဲစိုက် | ဆေးဖျန်း | ပဲသိမ်း |
| ၃. | မွေးမြူရေး (ငါး) | ရေချို | ရေချို | ရေချို | ရေချို | ရေချို | ရေချို | ရေချို | ရေချို | ရေချို | ရေချို | ရေချို | ရေချို |
| ၄. | ကျန်းမာရေး | | | | ရာသီတုပ်ကွေး | | | | | နှာမှုတ်ချောင်းဆိုး | | | |
| ၅. | ဝင်ငွေ / ထွက်ငွေ | | | | | | | | | | | | |
| ၆. | သဘာဝဘေးအန္တရာယ် | | | | | | | | | | | | |
| ၇. | ဝမ်းစာဖူလုံမှု | | - | - | - | - | - | | | - | - | - | |
| ၈. | ပွဲတော် | သက်ကြီး ပူဇော်ပွဲ | ညောင်ရေ သွန်းပွဲ | - | - | - | [illegible] ပွဲတော် | မီးထွန်းပွဲတော် | ကထိန်ပွဲ | - | - | - | [illegible] ပွဲတော်ကြီး |

ရက်စွဲ · 3 · 1 · 2024

ရေးဆွဲသူ · စိုးမိုးသိန်း

## အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်

### ၁ နိဒါန်း

### ၁.၁ ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသောဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီးတစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုး ရေးစီမံကိန်းများ ရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင်တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရေး အတွေ့ အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးဆိုင်ရာကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကိုအလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာန ဆိုင်ရာများစသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်ထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်း ကိုပါသတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသောပြဿနာများ၊ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကိုအပံ့အပိုးဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလအပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ၊ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာအနေနှင့် ဆောင်ရွက်မည့်နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင်ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကိုလည်းဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သောအစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့်ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏အသုံးဝင်မှုများကို သိရှိစေရန်မျှော်လင့်ပါ သည်။

### နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကို စုစည်း ဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကိုမြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စု အဆင့် အစိုးရအဖွဲ့အစည်းများအားတင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်အောင် ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင် အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ်လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများအားပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေး ဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ကျေးရွာနှင့်ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအားသိရှိလာခြင်းကြောင့် ကျွန်တော်တို့ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့အစည်းများ အနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း စီစဉ်မှုများပြုလာနိုင်ပါမည်။

**၁.၂ စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု**

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင် ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ ဖြင့် လုပ်ငန်းများကိုလူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာ လူထု၏ ဖွံ့ဖြိုးမှုကိုတိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေး အခက်အခဲ၊နည်းပညာအခက်အခဲများရှိနိုင်ပါသည်။သို့ဖြစ်၍ လက်တွေ့အကောင်အထည်ဖော်ရာ တွင် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအားအများဆုံးနှင့် အထိရောက်ဆုံးဖြည့်ဆည်းနိုင်မည့် စီမံကိန်းများ ကိုဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သောအရင်း အနှီးများ ပြည့်စုံမှု ပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

**၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ**

**(က) တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား**

ဘုရားကုန်းကျေးရွာသည် ဧရာဝတီတိုင်း၏ တောင်ဘက်စွန်းပိုင်းတွင်တည်ရှိပြီး ဖလွန်မြို့၏ အရှေ့ဘက်ကမ်းတွင် တည်ရှိပါသည်။ နွေ၊ မိုး၊ ဆောင်း သုံးရာသီရရှိသော နေရာဒေသလည်းဖြစ်ပါ သည်။ နွေရာသီ၌ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပြီး အဖျောက်မြို့၊ သုံးဆယ်မြို့များသို့ ကုန်း လမ်းခရီးဖြင့်သွားလာနိုင်ပါသည်။ ဘုရားကုန်းကျေးရွာသည် ရွာတန်းရှည်ပုံစံဖြစ်ပြီး ကျေးရွာတွင် အလောင်းစည်သူမဟာမင်းမြတ်တည်ထားခဲ့သော သမိုင်းဝင်ရွှေရင် အေးစေတီတော်မြတ်ကြီးလည်း ရှိပါသည်။ ကျေးရွာသည် မြေပြန့်ဒေသဖြစ်ပြီး အဓိကအသက် မွေးဝမ်းကျောင်းလုပ်ငန်းများမှာ ရေချိုငါးဖမ်းလုပ်ငန်းနှင့် လယ်စိုက်ပျိုးရေးလုပ်ငန်းတို့ဖြစ်ပါသည်။ ဒေသ၏တစ်နှစ်လျှင် ပျမ်းမျှမိုး ရေချိန်မှာ(၄၀)လက်မအထက်ရှိပြီး စိုက်ပျိုးရေးအနေဖြင့် စပါးနှင့်ပဲကိုအဓိကစိုက်ပျိုး၍ အသက်မွေး ဝမ်းကျောင်းပြုကြပါသည်။

**(ခ) သဘာဝအရင်းအမြစ်**

ဘုရားကုန်းကျေးရွာသည် သဘာဝအရင်းအမြစ်ထွက်ရှိသော ကျေးလက်ဒေသဖြစ်ပါသည်။ ဆေးဖက်ဝင်အပင်များဖြစ်သော ငွေးတောက်ပင်၊ ပင်စိမ်းပင်၊ ဆင်တုံးမနွယ်၊ ဘီးစပ်ပင်၊ ဘောက်ပင်၊ လောက်သေပင် စသည့်အပင်များပေါက်ရောက်ရာဒေသလည်းဖြစ်ပါသည်။

**၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ**

**(က) လူဦးရေဆိုင်ရာအချက်အလက်များ**

ဘုရားကုန်းကျေးရွာတွင် အိမ်ခြေ(၁၄၀)အိမ်၊ အိမ်ထောင်စု (၁၄၀)နှင့် လူဦးရေ (၆၂၇)ဦး၊ ကလေးငယ်အရွယ်(၉)%၊ ကျောင်းနေအရွယ်(၂၁)%၊ အလုပ်လုပ်နိုင်သော အရွယ်(၆၈)%၊ သက်ကြီးရွယ်အို(၃)%နှင့် မသန်စွမ်းဦးရေမရှိကြောင်းတွေ့ရှိရပါသည်။ တစ်အိမ်ထောင်လျှင် ပျမ်းမျှ(၄)ဦးနှုန်းရှိပါသည်။ ကျေးရွာတစ်ရွာလုံး ဗမာလူမျိုးများဖြစ်ကြပြီး ကျေးရွာတွင် အမျိုးသား(၂၈၉)ဦး၊ အမျိုးသမီး(၃၃၈)ဦးရှိသဖြင့် ကျားမအချိုးများပြားစွာ ကွာဟမှုမရှိသောကြောင့် အမျိုးသမီးများ လုပ်ကိုင်နိုင်သည့်အလုပ်များကိုပါထည့်သွင်းစဉ်းစားပြီး အလုပ်အကိုင်များကိုဖန်တီးပေးနိုင်ပါက လူ့စွမ်းအားအရင်းအမြစ်ကိုထိရောက်စွာအသုံးချနိုင်ပြီး ကျေးရွာဖွံ့ဖြိုးရေးအတွက် ပိုမိုအထောက်အအကူပြုစေနိုင်ပါမည်။

**(ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု**

ကျေးရွာတွင် လယ်စိုက်ပျိုးရေးနှင့် ရေချိုငါးဖမ်းအလုပ်ကို အများဆုံးလုပ်ကိုင်ကြပါသည်။ လယ်လုပ်ငန်းအဓိကလုပ်ကိုင်သူ(၁၈)%၊ ရေချိုငါးဖမ်းလုပ်ငန်းလုပ်ကိုင်သူ(၈၂)%ရှိကြောင်းလေ့လာတွေ့ရှိရပါသည်။

ဘုရားကုန်းကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှုမှာ လယ်မြေကေ(၈၀)ကေ၊ ကိုင်းမြေကေ(၅)ကေ၊ စုစုပေါင်း (၈၅)ကေ ဖြစ်ကြောင်း၊ စားကျက်မြေ၊ ယာမြေ၊ ခနီတောမြေ၊ မြေလွတ်မြေလပ်များ မရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

ဘုရားကုန်းကျေးရွာ၏ ဥစ္စာဓနအဆင့် အခြေအနေမှာ အဆင်ပြေသော အိမ်ထောင်စုမရှိကြောင်း၊ အလယ်အလတ်ရှိသောအိမ်ထောင်စု (၂၅)အိမ် (၁၈%)၊ မပြေလည်သော အိမ်ထောင်စု (၁၁၅)အိမ် (၈၂%)၊ အလွန်မပြေလည်သော အိမ်ထောင်စု မရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ ဘုရားကုန်းကျေးရွာတွင် အိမ်ထောင်စု(၁၄၀)အနက် မြေယာမဲ့(၈၂) %ရှိကြောင်း၊ ဆင်းရဲသားတောင်သူ(၁၂)% ရှိကြောင်း၊ တောင်သူငယ် အိမ်ထောင်စု(၆)%ရှိကြောင်း၊ စိုက်ပျိုးမြေယာကေ (၅)ကေနှင့် (၁၂.၅)ကေကြား ပိုင်ဆိုင်သူတောင်သူလတ်အိမ်ထောင်စု မရှိကြောင်း၊ စိုက်ပျိုးမြေယာကေ (၁၂.၅)ကေအထက်ပိုင်ဆိုင်သူ တောင်သူကြီးအိမ်ထောင်စု မရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

ဘုရားကုန်းကျေးရွာသည် လယ်အားအဓိကလုပ်ကိုင်သောဒေသဖြစ်သဖြင့် လယ်စိုက်ပျိုးရေးသုံးစက်ကိရိယာများပိုင်ဆိုင်မှုမှာ ထွန်စက်(၁)စီး၊ ရေစုပ်စက် (၂၄)စီးရှိကြောင်း၊ ကိုယ်ပိုင်စက်ကိရိယာမရှိ၍ ထွန်စက်ငှားရမ်းလုပ်ကိုင်နေသော တောင်သူ(၂၄)ဦးရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

## (ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ဘုရားကုန်းကျေးရွာတွင် အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စုအများအပြားရှိ၍ လုပ်ကိုင်စားသောက်ရာတွင် အဆင်ပြေမှုမရှိပါ။ အများအားဖြင့် နေ့စားအလုပ်သမားများမှာ လုပ်အားခနည်း၍ သော်လည်းကောင်း၊ ကိုယ်ပိုင်စီးပွားရေးမရှိသဖြင့် လက်ရှိကုန်ဈေးနှုန်းဖြင့် စားဝတ်နေရေးကြပ်တည်းမှုရှိကြပါသည်။ဘုရားကုန်းကျေးရွာတွင် မိသားစုစောင့်ရှောက်မှုနည်းပါးသည့်သက်ကြီးရွယ်အိုများလည်းရှိကြပါသည်။ ဆင်းရဲ၍ မိသားစုဦးရေများနေသည့်အိမ်ထောင်စုများ လည်းရှိကြပါသည်။ အခြားနေရာဒေသများသို့ စီးပွားရေးအဆင်မပြေသည့်အတွက် သွားရောက်လုပ်ကိုင်စားသောက်နေရသောအိမ်ထောင်စုများလည်း အများအပြားရှိပါသည်။

ဘုရားကုန်းကျေးရွာတွင် အဆင်ပြေသောအိမ်ထောင်စုမရှိကြောင်း၊ သာမန်အလယ်အလတ်အိမ်ထောင်စုအနည်းငယ်သာရှိကြောင်း၊ မပြေလည်သောအိမ်ထောင်စုများပြားကြောင်း လေ့လာတွေ့ရှိရပါသည်။ကျေးရွာသည် သဘာဝရင်းမြစ်(မြေ၊ စိုက်ပျိုးရေ) ရှားပါးမှု၊ မိုးခေါင်မှု၊ အအေးလွန်ကဲမှု၊ ပြင်းထန်သောမုန်တိုင်း၊ လျှပ်ဒဏ်၊ မီးဘေး၊ သစ်တောပြုန်း တီးမှု၊ ငှက်ဖျားရောဂါ၊ ကိုယ်ခံအားကျဆင်းမှုရောဂါ၊ လူကုန်ကူးမှုစသည့်ထိခိုက်မှုမျိုးမရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

ဘုရားကုန်းကျေးရွာတွင် ထိခိုက်သက်ရောက်မှုခံရသူများအတွက် အုပ်စုခွဲခြားသတ်မှတ်ရာတွင် မြေယာမဲ့ဆင်းရဲသားတောင်သူများ (ငြိမ်းအေးအင်းတွင် ရေချိုငါးဖမ်းလုပ်ငန်းလုပ်ကိုင်ရှာဖွေစားသောက်သူများ)သည် စီးပွားရေး၊ ပညာရေး၊ လူမှုရေး၊ ကျန်းမာရေး အဘက်ဘက်တွင် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျမှုရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

## (ဃ) ကျန်းမာရေးနှင့် အာဟာရ

ဘုရားကုန်းကျေးရွာတွင် သာမန်ရာသီဖျားရောဂါများမှလွဲပြီး အခြားရောဂါဘယဖြစ်ပွားမှုနည်းပါးပါသည်။ ရာသီတုအလိုက် ဖြစ်တတ်သည့် ဝမ်းပျက်ဝမ်းလျှော၊ သွေးလွန်တုတ်ကွေး၊ နှာစေးချောင်းဆိုးရောဂါဖြစ်ပွားမှု အနည်းအကျဉ်းရှိသော်လည်း ပျံ့နှံ့ကူးစက်မှု မရှိပါ။ Covid-19 ရောဂါဖြစ်ပွားမှုမရှိကြောင်း၊ ရာသီအကူးအပြောင်း ဖျားနာမှုများသာရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

ဘုရားကုန်းကျေးရွာတွင် လွန်ခဲ့သော(၁၂)လအတွင်း၌ ကိုဗစ်ရောဂါကာကွယ်ဆေးများထိုးနှံနေကြောင်း၊ ကျန်းမာရေးဝန်ဆောင်မှုအနေဖြင့် ကျေးရွာနှင့် (၂)မိုင်ကွာဝေးသော ကလောကျေးရွာတွင် ကျန်းမာရေးဌာနခွဲရှိကြောင်း၊ ကျေးရွာနှင့် (၃)မိုင်အကွာတွင် ရေလဲတိုက်နယ်ဆေးရုံရှိကြောင်း၊ ကျန်းမာရေးနှင့်ပတ်သက်၍ အခက်အခဲမရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

**(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ**

ဘုရားကုန်းကျေးရွာတွင် စာမတတ်သူဦးရေမရှိကြောင်း၊ မူလတန်းအဆင့်ရှိသူဦးရေ ကျား(၂၀၀)ဦး၊ မ(၂၃၀)ဦး၊ စုစုပေါင်း (၄၃၀)ဦး၊ (၆၉)% ရှိကြောင်း၊ အလယ်တန်းအဆင့်ရှိသူဦးရေ ကျား(၅၁)ဦး၊ မ(၅၀)ဦး၊ စုစုပေါင်း(၁၀၁)ဦး၊ (၁၆)% ရှိကြောင်း၊ အထက်တန်းအဆင့်ရှိသူဦးရေ ကျား(၄)ဦး၊ မ(၁၂)ဦး၊ စုစုပေါင်း(၁၆)ဦး၊ (၃)% ရှိကြောင်း၊ တက္ကသိုလ်/ကောလိပ်အဆင့်ရှိသူဦးရေ ကျား(၁)ဦး၊ စုစုပေါင်း(၁)ဦး၊ (၀.၁)% ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

ဘုရားကုန်းကျေးရွာ၌ လက်ရှိကျောင်းတက်နှုန်းအဆင့်မှာ မူလတန်းအဆင့် ကျား (၄၅)ဦး၊ မ(၄၇)ဦး၊ စုစုပေါင်း(၉၂)ဦး၊ (၁၅)%ရှိကြောင်း၊ အလယ်တန်းအဆင့် ကျား(၁၄)ဦး၊ မ(၁၇)ဦး၊ စုစုပေါင်း (၃၁)ဦး၊ (၅)%ရှိကြောင်း၊ အထက်တန်းအဆင့် မ(၃)ဦး၊ စုစုပေါင်း (၃)ဦး၊ (၀.၄)% ရှိကြောင်း၊ တက္ကသိုလ်/ကောလိပ်အဆင့် ကျား(၁)ဦး၊ စုစုပေါင်း(၁)ဦး၊ (၀.၁)%ရှိကြောင်းတို့ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

ဘုရားကုန်းကျေးရွာတွင် မူလတန်း စာသင်ကျောင်းရှိကြောင်း၊ စာသင်ကျောင်း၏ စုစုပေါင်း ကြမ်းခင်းဧရိယာမှာ (၃၆၀၀) စတုရန်းပေရှိကြောင်း၊ ကျောင်းတွင် ပရိဘောဂများလုံလောက်မှုရှိကြောင်း၊ စာသင်ကျောင်းတွင် အစိုးရခန့် ဆရာမ(၃)ဦးသာရှိသောကြောင့် ကျောင်းသားဦးရေနှင့် ဆရာမလုံလောက်မှုမရှိသောကြောင့် ကျေးရွာခန့်(၂)ဦးမှ ပါဝင်ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

**(စ) ကျားမဆိုင်ရာဆက်နွယ်မှု**

ဘုရားကုန်းကျေးရွာရှိ ကျား၊မရေးရာအခန်းကဏ္ဍပါဝင်နှင့်ပတ်သက်၍ ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများနှင့် အဖွဲ့အစည်းများတွင် အမျိုးသမီးများတက်ကြွစွာ ပါဝင်ဆောင်ရွက်သော်လည်း အခန်းကဏ္ဍနည်းပါးနေသေးကြောင်း၊ ဦးဆောင်မှုနည်းပါးနေသေးကြောင်း၊ ကျေးရွာစီမံအုပ်ချုပ်မှု စနစ်တွင် အမျိုးသမီးများ တက်ကြွစွာပါဝင်မှု/ ခေါင်းဆောင်မှုနည်းပါးကြောင်း၊ လွန်ခဲ့သောနှစ် အတွင်း ကျေးရွာအတွင်းရှိ မိန်းကလေးများ/ အမျိုးသမီးများအား သံသယဖြစ်ဖွယ် အကြမ်းဖက်မှု (သို့) တိုင်ကြားမှုများ မရှိခဲ့ကြောင်း၊ အမျိုးသမီးရေးရာ အကြမ်းဖက်မှုများအတွက် ဥပဒေနှင့် တရားမျှတမှုဆိုင်ရာများအတွက် ကျေးရွာသူ/ကျေးရွာသားများ ထိုက်သင့်သလောက် အသိမြင် ရှိပါကြောင်း လေ့လာတွေ့ရှိရပါသည်။

ဘုရားကုန်းကျေးရွာသည် လယ်နှင့်ကိုင်းလုပ်ငန်းများတွင် ရာသီအလိုက်နေ့စားလုပ်ကိုင်ကြသည့် ယောကျ်ားလေးများ၏လုပ်အားခနှုန်းထားအများဆုံးမှာ (၁၀၀၀၀)ကျပ်၊ အနည်းဆုံးမှာ (၈၀၀၀)ကျပ်၊ မိန်းကလေးများ၏လုပ်အားခနှုန်းထား အများဆုံးမှာ (၁၀၀၀၀)ကျပ်၊ အနည်းဆုံးမှာ (၈၀၀၀)ကျပ် ဖြစ်ကြောင်း၊ အမျိုးသားနှင့်အမျိုးသမီးများ ခွဲခြားဆက်ဆံမှုမရှိပဲ လုပ်အားစိုက်ထုတ်မှု ပေါ်မူတည်၍ ကွာခြားသွားခြင်းဖြစ်ပါသည်။

## ၄။ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

### (က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

ဘုရားကုန်းကျေးရွာတွင် သာရေး၊ နာရေး၊ လူမှုရေး၊ စီးပွားရေး၊ ဘာသာရေး စသည့် ကိစ္စများတွင် လူကြီး၊ လူငယ်၊ ကျား၊ မ မရွေး အားလုံးဝိုင်းဝန်း၍ ပူးပေါင်းဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများလည်းရှိပါသည်။ ထို့ပြင် ကျေးရွာရှိ လူငယ်များဦးစီး၍ တည်ထောင်ထားသော “ဘဝပန်းတိုင်နာရေးကူညီမှုအသင်း” ရှိပါသည်။ ထိုအသင်း၏ဦးဆောင်မှုဖြင့် တစ်ရွာလုံးရှိ လူကြီး၊ လူငယ်နှင့် ကလေးများမကျန် မိမိနှင့် သင့်တော်သော အခန်းကဏ္ဍတွင် တက်ကြွစွာပါဝင် ဆောင်ရွက်လျက်ရှိပါကြောင်း လေ့လာတွေ့ရှိရပါသည်။ ကျေးရွာတွင် ယခုအခါ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရေးအတွက် ကျေးရွာအတွင်း အလှူရှင်များနှင့်ပူးပေါင်း၍ ဆောင်ရွက်လျှက်ရှိပါသည်။ ကျေးရွာလမ်းဖွံ့ဖြိုးတိုးတက်မှသာ စီးပွားရေး၊ ပညာရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ဘာသာရေး စသည့် ကဏ္ဍ များမှာ အဘက်ဘက်မှတိုးတက်ပြောင်းလဲလာမည်ဖြစ်ပါသည်။

### (ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

ဘုရားကုန်းကျေးရွာသည် အိမ်ထောင်စု(၁၄၀)အနက် အိမ်ထောင်စု(၂၅)စုမှာ လယ်နှင့်ကိုင်းကို အဓိကစိုက်ပျိုးလုပ်ကိုင်ကြပါသည်။ စပါးနှင့်ပဲအမျိုးမျိုးကို စိုက်ပျိုးကြပြီး သီးနှံများအတွက် ပံ့ပိုးရသော သွင်းအားစုလိုအပ်ချက်များမှာ ပုံမှန်ဖြစ်သော်လည်း သီးနှံများဖြစ်ထွန်းအောင်မြင်မှု အကျိုးရလာဒ်နှင့် ကိုက်ညီမှုအသင့်အတင့်ရှိပါသည်။ ကျန်အိမ်ထောင်စု (၁၁၅)အိမ်မှာ ငြိမ်းအေးအား အဓိကထား၍ ရေချိုငါးဖမ်းလုပ်ငန်းလုပ်ကိုင်ကြကြောင်း၊ ရေချိုငါးဖမ်းလုပ်ငန်းတစ်ခုသာ အဓိကစီးပွားရေးလုပ်ငန်းအဖြစ် ဆောင်ရွက်နေကြကြောင်း လေ့လာတွေ့ရှိရပါသည်။

ကျေးရွာတွင် သီးနှံထုတ်ကုန်များ စိုက်ပျိုးထုတ်လုပ်ရာတွင် ထွန်စက်များ၊ ခြွေလှေ့စက်များ၊ ရေစုပ်စက်များ စသည်တို့ကို အသုံးပြု၍ ထုတ်ကုန်များရရှိရန် အသုံးပြုကြသည်။ စိုက်ပျိုးရာတွင် ရာသီဥတုသင့်တင့်ခြင်း၊ စိုက်ပျိုးရေရရှိခြင်းတို့ကြောင့် သီးနှံစိုက်ပျိုးရာတွင် အခက်အခဲမရှိကြောင်း တွေ့ရှိရပါသည်။ ဘဏ်ချေးငွေစသည့် စိုက်ပျိုးရေးနှင့်ပတ်သက်၍ ဝန်ဆောင်မှုများလည်းရှိပါသည်။

ဘုရားကုန်းကျေးရွာတွင် မွေးမြူရေးလုပ်ငန်းအနေဖြင့် စီးပွားဖြစ်မွေးမြူခြင်းမဟုတ်ပဲ အိမ်မွေးတိရစ္ဆာန်များဖြစ်ကြသော ကြက်၊ ဝက်နှင့် ဘဲ အနည်းငယ်သာ မွေးမြူကြကြောင်း လေ့လာတွေ့ရှိရပါသည်။

**(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ**

ဘုရားကုန်းကျေးရွာသည် စိုက်ပျိုးရေး၊ မွေးမြူရေး မဟုတ်သော အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လုပ်ကိုင်သောအိမ်ထောင်စုများသည် နေ့စားကျပန်းအလုပ်လုပ်ကိုင်ကြခြင်း၊ ဒေသထွက်ကုန်များအား အခြားမြို့များသို့ ကယ်ရီပို့ဆောင်ခြင်းအလုပ်လုပ်ခြင်း၊ ဆောက်လုပ်ရေး၊ ပန်းရံ၊လက်သမား၊ အရောင်းအဝယ်လုပ်ငန်းတို့ဖြင့် အသက်မွေးဝမ်းကျောင်းပြုကြကြောင်း လေ့လာတွေ့ရှိရပါသည်။

**(ဃ) သဘာဝပါတ်ဝန်းကျင်နှင့်သယံဇာတစီမံခန့်ခွဲမှု**

ဘုရားကုန်းကျေးရွာ၏ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းမြစ်များစီမံခန့်ခွဲမှု စနစ်၌ လယ်နှင့်ကိုင်းစိုက်ပျိုးရေးလုပ်ငန်းတို့မှထွက်ရှိသော အမှိုက်များအား မြေစာအဖြစ်ပြန်လည်သုံးစွဲခြင်းများ ပြုလုပ်လေ့ရှိကြောင်း၊ နေအိမ်များမှထွက်ရှိသည့် စွန့်ပစ်ပစ္စည်းများအား တစ်ဦးချင်းတစ်ယောက်ချင်းစနစ်တကျစွန့်ပစ်ကြခြင်းများပြုလုပ်ကြသော်လည်း ကျေးရွာအဆင့်သီးသန့်နေရာစီမံထားခြင်းမျိုးမရှိကြောင်း၊ စွန့်ပစ်ပစ္စည်းများကြောင့် ဆိုးကျိုးဖြစ်ပွားမှုအန္တရာယ် မရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ ယခုနှစ်အခါ၌ လယ်ယာစိုက်ခင်းများတွင် ဖျက်ပိုးကျရောက်မှု ဆိုးရွားကြောင်း၊ သဘာဝမြေသြဇာသုံးစွဲမှု နည်းပါးပြီး အလွယ်တကူ အသုံးပြုနိုင်သော ပိုးသတ်ဆေးများကိုသာ အသုံးပြုလေ့ရှိကြောင်း ၊ စိုက်ပျိုးရေးမျိုးကောင်း မျိုးသန့်များ ရရှိရေးလိုအပ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

**(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု**

ဘုရားကုန်းကျေးရွာတွင် လယ်သမားအများစုမှ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများအတွက် အတိုးနှုန်းပြား၅ဝဖြင့် ချေးယူသုံးစွဲကြပါသည်။ ကျေးရွာသူကျေးရွာသားများအနေဖြင့် မိမိတို့၏ဝမ်းစာဖူလုံရေးအတွက် ငွေတိုးချေးသူများထံမှ အတိုးနှုန်း(၅)ကျပ်နှုန်းဖြင့်လည်းကောင်း၊ အခြားဝန်ဆောင်မှုများအနေဖြင့် မည်သည့်ချေးငွေမျှမရှိကြောင်းလေ့လာတွေ့ရှိရပါသည်။

**(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး**

ဘုရားကုန်းကျေးရွာတွင် မူလတန်းစာသင်ကျောင်းရှိကြောင်း၊ ကျောင်းတွင် ကျောင်းသုံးပရိဘောဂများ လုံလောက်မှုရှိကြောင်း၊ ပညာရေးနှင့်ပတ်သက်၍ ကျောင်းဆရာ/ဆရာမ မလုံလောက်မှုနှင့် ဆင်းရဲသားမိသားစုများအတွက် ကျောင်းစရိတ်မတတ်နိုင်မှု အခက်အခဲရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

ဘုရားကုန်းကျေးရွာ၏ သောက်သုံးရေရရှိမှုမှာ ကိုယ်ပိုင်တုံကင်တွင်း(စက်တပ်)အသုံးပြုသူအိမ်ထောင်စု(၁)အိမ်၊ ကိုယ်ပိုင်တုံကင်တွင်းအသုံးပြုသူအိမ်ထောင်စု(၄၇)အိမ်ရှိကြောင်း၊ ကျန်အိမ်ထောင်စု(၉၂)အိမ်မှာ နီးစပ်ရာအိမ်များမှ ဝေမျှသုံးစွဲကြကြောင်း လေ့လာတွေ့ရှိရပါသည်။ တုံကင်တွင်းတို့မှ နွေ၊ မိုး၊ ဆောင်း၊ ရာသီသုံးပါးစလုံး သောက်သုံးရေအတွက် လုံလောက်မှုရှိသော်လည်း ကျန်းမာသန့်ရှင်းသော သောက်သုံးရေအတွက် စက်ရေတွင်း အကောင်အထည်ဖော်ဆောင်ရွက်လိုကြောင်း လေ့လာတွေ့ရှိရှိရပါသည်။

ဘုရားကုန်းကျေးရွာရှိ အိမ်သာသုံးစွဲမှုမှာ ရေလောင်းယင်လုံအိမ်သာ(၈၉)လုံး ရှိကြောင်း အိမ်ထောင်စု(၅၁)အိမ်မှာ အိမ်သာမရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

ရွာ၏ပတ်ဝန်းကျင်သန့်ရှင်းရေးမှာ ညံ့နေပါသည်။ လူနေအိမ်များတွင် မီးဖိုသုံးအမှိုက်များကို စနစ်တကျမထားခြင်း၊ ပလတ်စတစ်အိပ်များ အလွယ်တကူစွန့်ပစ်ခြင်း၊ စိုက်ပျိုးရေးသုံးဆေးဝါးများ လွန်ကျွံစွာသုံးစွဲခြင်း၊ စိုက်ပျိုးရေးသုံးဗူးခွံများအား လယ်/ကိုင်းထဲတွင် အလွယ်တကူ စွန့်ပစ်သည် များကိုတွေ့ရှိရပါသည်။ ထို့ကြောင့် ပတ်ဝန်းကျင် သန့်ရှင်းရေးအတွက် လက်ကမ်းစာစောင်ပေးခြင်း၊ ကွင်းဆင်း၍ သင်တန်းများ ပို့ချသင့်ကြောင်း အကြံပြုအပ်ပါသည်။ ကျေးလက်ဦးစီးဌာနမှ ဆောင် ရွက်နေသော အမှိုက်ကင်းစင်စီမံကိန်း လုပ်ဆောင်ချက်များအတိုင်း လိုက်နာဆောင်ရွက်မည်ဆိုပါက ကျေးရွာယခုထက်ပို၍ သန့်ရှင်းသာယာလှပသောကျေးရွာဖြစ်လာမည်မှာအမှန်ပင်ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

**(ဆ)လူငယ်နှင့် ယဉ်ကျေးမှု**

ဘုရားကုန်းကျေးရွာတွင်းရှိလူငယ်များသည် သာရေး၊ နာရေးနှင့် ဘာသာရေး ဆိုင်ရာ ကိစ္စရပ် များတွင်တက်တက်ကြွကြွဆောင်ရွက်ကြသည်။ ကျေးရွာတစ်ရွာလုံးဗုဒ္ဓဘာသာဝင်များဖြစ်ကြသော ကြောင့် ဘုရားပွဲများ၊ ရွာဘုံကထိန်ပွဲများ နှစ်စဉ်ကျင်းပဆောင်ရွက်ကြကြောင်း၊ ကျေးရွာအတွင်းရှိ လူငယ်များ စာပေဗဟုသုတများ စိတ်ဝင်စားလာစေရန် ကျေးရွာသူကျေးရွာသားများစုပေါင်း၍ ကျေးရွာစာကြည့်တိုက်အား ဆောက်လုပ်ရန် ရည်ရွယ်ချက်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

**(ဇ) အခြေခံ အဆောက်အဦး – လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး**

ဘုရားကုန်းကျေးရွာ၏ ကျေးရွာတွင်းလမ်းများမှာ လွန်ခဲ့သော(၈)နှစ်ကျော်ခန့်က ကျေးရွာသူ ကျေးရွာသားများစုပေါင်း၍ ကိုယ်ထူကိုယ်ထ ခင်းထားသော အရှည် (၅၀၀၀)ပေ၊ အကျယ်(၁)ပေခွဲ ကျယ်သော ကွန်ကရစ်လမ်းဖြစ်ပါသည်။ ယခုအခါတွင် ကာလကြာမြင့်ပြီဖြစ်သည့်အတွက် လမ်းမှာ ပျက်စီးမှုများရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

ဘုရားကုန်းကျေးရွာသည် လက်ရှိတွင် ဆိုလာအသုံးပြုသူအိမ်ထောင်စု (၅၀)အိမ် (၃၆)%၊ ဘက်ထရီအသုံးပြုသူအိမ်ထောင်စု (၉၀)အိမ်၊ (၆၄)%ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

ဘုရားကုန်းကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များရရှိရေးအတွက် ဖုန်း (၁၁၈)လုံး၊တီဗွီ(၁၈)လုံး၊စလောင်း(၆၈)လုံးရှိကြောင်း၊ အင်တာနက်လက်လှမ်းမီသည့် အိမ်ထောင်စု (၁၁၂)အိမ်ရှိကြောင်း၊ mpt၊ telenol၊ ooredoo၊ mytel ဆက်သွယ်ရေးလိုင်းအားလုံးဖြင့် ဆက်သွယ် အသုံးပြုနိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။

ဘုရားကုန်းကျေးရွာသည် ကုန်စည်ကူးသန်းရောင်းဝယ်မှုတို့အတွက် ရောဝတီမြစ်ကြောင်း နှင့် ကုန်းလမ်းကြောင်းတစ်လျှောက်ဖြတ်သန်းပြီး (၂၀)မိုင်ကျော်ကွာဝေးသော အနီးဆုံးဈေး “ဇလွန် ဈေးဟောင်း’သို့ သွားလာကြပြီး စားသောက်ကုန် (ကုန်စိမ်း၊ ကုန်ခြောက်)၊ မီးဖိုချောင်သုံးနှင့် အိမ်သုံးပစ္စည်း၊ အဝတ်အထည်၊ ဆောက်လုပ်ရေးပစ္စည်းများ၊ ပရိဘောဂ များဝယ်ယူရရှိနိုင်ပါသည်။ ကျေးရွာသည် ပစ္စည်းစုံဝန်ဆောင်မှုများအတွက် လှိုင်မြစ်အားဖြတ်၍( ၃၀)မိုင် အထက်ကွာဝေးသော

သုံးဆယ်မြို့သို့ ဆိုင်ကယ်၊ စက်လှေ၊ မော်တော်တို့ဖြင့် ဆက်သွယ်သွားလာကြကြောင်း လေ့လာတွေ့ရှိရပါသည်။

ဘုရားကုန်းကျေးရွာ၏ သယ်ယူပို့ဆောင်ရေးယာဉ်ပိုင်ဆိုင်မှုမှာ လှေ(၁၂)စီး၊ စက်လှေ(၇)စီး၊ စက်ဘီး (၃၆)စီး၊ ဆိုင်ကယ်(၃၇)စီး၊ ထော်လာဂျီ (၁)စီး၊ ကား(၁)စီးရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

**(ဈ)တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး**

**ဘုရားကုန်း**ကျေးရွာတွင်လူကုန်ကူးမှု၊ အကြမ်းဖက်မှုများ လုံးဝမရှိပါ။ မူးယစ်ဆေးသုံးစွဲမှုနှင့် ပတ်သက်၍ အရက်သေစာသောက်စားခြင်း အနည်းငယ်မျှသာရှိပါသည်။ ခိုးဆိုးလုယက်မှုများ မရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

ဘုရားကုန်းကျေးရွာသည် ဆက်သွယ်ရေးနှင့်ပတ်သက်၍ MPT, Telenor, Ooredoo ကဲ့သို့သောဖုန်းလိုင်းများမိသောကြောင့် အလွယ်တကူဆက်သွယ်နိုင်ပြီး ကျေးရွာသူ/ ကျေးရွာသားများမှာဖုန်းဖြင့် Internet ပင် အသုံးပြုနေကြပါသည်။ လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များအတွက်လည်း အလွယ်တကူ အကြောင်းကြားကာ အကူအညီရယူနိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။

**၅။ ဖွံ့ဖြိုးရေးအတွက်အထောက်ပံ့ဖြစ်စေမည့် အခြေနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ**

**(က) ဖွံ့ဖြိုးရေး အတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေများ**

ဘုရားကုန်းကျေးရွာ၏ ကျေးရွာတွင်းလမ်းများမှာ လွန်ခဲ့သော(၈)နှစ်ကျော်ခန့်က ကျေးရွာသူကျေးရွာသားများစုပေါင်း၍ ကိုယ်ထူကိုယ်ထ ခင်းထားသော အရှည် (၅၀၀၀)ပေ၊ အကျယ်(၁)ပေခွဲကျယ်သော ကွန်ကရစ်လမ်းဖြစ်ပြီး ခိုင်ခံ့မှုအားနည်းနေခြင်းကြောင့် အဆင့်မြှင့်တင်ဆောင်ရွက်နိုင်မည်ဆိုပါက ကျေးရွာဆက်သွယ်သွားလာရေး ကောင်းမွန် သပ်ရပ်ကောင်းမွန်လှပလာမည်ဖြစ်ကြောင်း တွေ့ရှိရပါသည်။

ဘုရားကုန်းကျေးရွာတွင် ဘဝပန်းတိုင်နာရေးကူညီမှုအသင်း၊ ဂေါပကအဖွဲ့၊ အမှိုက်ကင်းစင်ရေးအဖွဲ့၊ အုပ်ချုပ်ရေးအဖွဲ့၊ ပရဟိတအဖွဲ့အဖွဲ့တို့ရှိပြီး ကျေးရွာသူကျေးရွာသားများအားလုံးနှင့် အသင်းနှင့် ပေါင်းစပ်၍ ကျေးရွာတစ်ရွာလုံး စည်းစည်း လုံးလုံးဖြင့် သာရေး၊ နာရေးကိစ္စအဝဝ ပူးပေါင်းဆောင်ရွက်သောကြောင့် ပူးပေါင်းဆောင်ရွက်မှု အားကောင်းပါကြောင်း တွေ့ရှိရပါသည်။

ဘုရားကုန်းကျေးရွာရှိ လူငယ်များသည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အမျိုးသမီးများလည်း အမျိုးသားများနှင့်အတူ ပေါင်းစပ်လုပ်ကိုင်ဆောင်ရွက်ကြပါကြောင်း လေ့လာတွေ့ရှိရပါသည်။ ကျေးရွာနှင့်(၂)မိုင်အကွာ ကလောနှင့်ရေလဲတို့တွင် တိုက်နယ်ဆေးရုံကြီးရှိသော်လည်း ဆက်သွယ်ရေးလမ်းမကြောင်းသဖြင့် လမ်းခရီးကြန့်ကြာမှုများရှိကြောင်း ကျေးလက်ဆေးပေးခန်းဆောက်လုပ်လိုကြောင်း၊ ကျေးရွာမှ မြေနေရာလှူဒါန်းနိုင်ပါကြောင်း လေ့လာတွေ့ရှိရပါသည်။

## (ခ) အပဟန့်အတားနှင့် စိန်ခေါ်မှု

**ဘုရား**ကုန်းကျေးရွာ၏ရွာတွင်းလမ်းမှာ အရှည်(၅၀၀၀)ပေ ရှည်ပြီး (၁)ပေခွဲအကျယ် ကိုယ်ထူ ကိုယ်ထခင်းထားသော ကွန်ကရစ်လမ်းဖြစ်သောကြောင့် ၄င်းလမ်းမှာ ခိုင်ခံ့မှုအားနည်း နေပြီး မော်တော်ဆိုင်ကယ်(၂)စီး အရှောင်အတိမ်းကိစ္စရပ်များတွင် အခက်အခဲရှိသဖြင့် ကွန်ကရစ် လမ်းအား အဆင့်မြှင့်တင်ဆောင်ရွက်လိုကြောင်း လေ့လာတွေ့ရှိရပါသည်။

ကျေးရွာရှိ သောက်သုံးရေမှာဖူလုံမှုရှိသော်လည်း လက်ရှိ အသုံးပြုနေသော အဝီစိတွင်းများ မှာ ပေ(၈၀)သာ တူးထားသောကြောင့် အာဆင်းနစ်ကင်းသော၊ရေဝါမဖောက်သော၊ ကျန်းမာရေးနှင့် ညီညွတ်သောသန့်ရှင်းသောသောက်သုံးရေ သန့်လိုအပ်မှုရှိနေပါသည်။

ဘုရားကုန်းကျေးရွာတွင် မူလတန်းစာသင်ကျောင်းရှိပြီး ကျောင်းတွင် လက်ရှိ ကျောင်းသား ဦးရေနှင့် ဆရာ/ဆရာမ လုံလောက်မှုမရှိကြောင်း၊ ကျောင်းသုံးပရိဘောဂများလုံလောက်မှုရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

## ၆။ ပန်းတိုင်နှင့် မဟာဗျူဟာ

### (က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှအဖွဲ့နှင့်တိုင်ပင်ညှိနှိုင်းပြီးလာမည့်ငါးနှစ်တာကာလ အတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်-

(က.၁) ကျွန်ုတို့သည် ကျေးရွာတွင်းလမ်း (၁၁၀၀'x၆'x၆") ကွန်ကရစ်လမ်း အဆင့်မြှင့်တင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်။

(က.၂) ကျွန်ုပ်တို့ကျေးရွာလူထုသည် ကျေးလက်ဆေးပေးခန်း အကောင်အထည်ဖော် ဆောင်ရွက်သွားမည်။

(က.၃)ကျွန်ုပ်တို့ကျေးရွာလူထုသည် လျှပ်စစ်မီး (၅၀၀၀)ပေ အကောင်အထည်ဖော် ဆောင်ရွက် သွားမည်။

(က.၄)ကျွန်ုပ်တို့ကျေးရွာလူထုသည် ငွေကြေးအရင်းအနှီးရရှိရန် မြစိမ်းရောင်စီမံကိန်းရရှိရေး တင်ပြ ဆောင်ရွက်သွားမည်။

(က.၅)ကျွန်ုပ်တို့ကျေးရွာလူထုသည် ရွာတွင်းလမ်း (၅၀၀၀'x၆'x၆") ကွန်ကရစ်လမ်း အဆင့်မြှင့်တင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်။

### (ခ) အကောင်အထည်ဖော်နည်းဗျူဟာ

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်။ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှအဖွဲ့နှင့် တိုင်ပင်ညှိနှိုင်းပြီးလာမည့် ငါးနှစ်တာကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးပန်း တိုင်များကိုအောက်ပါအတိုင်း ချမှတ်ထားပါသည်-

(ခ.၁) ကျွန်ုတို့သည် ကျေးရွာတွင်းလမ်း (၁၁၀၀'x၆'x၆") ကွန်ကရစ်လမ်း အဆင့်မြှင့်တင်နိုင်ရေး ကျေးလက်ဦးစီးဌာနအား တင်ပြဆောင်ရွက်သွားမည်။

(ခ.၂) ကျွန်ုပ်တို့ကျေးရွာလူထုသည် ဆေးပေးခန်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ကျန်းမာရေးဦးစီးဌာနအား တင်ပြဆောင်ရွက်သွားမည်။

(ခ.၃)ကျွန်ုပ်တို့ကျေးရွာလူထုသည် လျှပ်စစ်မီးလင်းရေးအတွက် လျှပ်စစ်ဦးစီးဌာနအား တင်ပြ ဆောင်ရွက်သွားမည်။

(က.၄)ကျွန်ုပ်တို့ကျေးရွာလူထုသည် မြစိမ်းရောင်စီမံကိန်းရရှိရေး ကျေးလက်ဦးစီးဌာနအား တင်ပြအကောင်အထည်ဖော်ဆောင်ရွက်သွားမည်။

(က.၅)ကျွန်ုပ်တို့ကျေးရွာလူထုသည် ကျေးရွာတွင်းလမ်း (၅၀၀၀'x၆'x၆") ကွန်ကရစ်လမ်း အဆင့်မြှင့်တင်နိုင်ရေး ကျေးလက်ဦးစီးဌာနအား တင်ပြဆောင်ရွက်သွားမည်။

**၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များများနှင့် ဗဟိုအဆင့်မူဝါဒများ အကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ**

အစိုးရ၏မူဝါဒနှင့်လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏နည်းပညာအကြံပေးအဖွဲ့တို့၏အကြံပြုချက်အရပြု စုဖော်ပြထားပါသည်။ဤအဖွဲ့အစည်းများအနေဖြင့်နိုင်ငံတော်အဆင့်မှသည်ဒေသဆိုင်ရာအဆင့်၊ထို မှတစ်ဆင့် ကျွန်ုပ်တို့ကျေးရွာအဆင့်ထိပံ့ပိုးမှုပေးနိုင်မည့် အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော် ထုတ်ပေးနိုင်ကြပါသည်။

**(က)ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့်ပုံမှန်စိစစ်ခြင်း**

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များပံ့ပိုးပေးမှုသည် အလွန် အရေးပါသည်။အနာဂါတ်တွင်လည်း ရေရှည်တည်တံ့မည့်အထောက်အပံ့များကို နိုင်ငံတော်အစိုးရ ထံမှရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်တော်တို့ ကျေးရွာသားများ ကိုယ်တိုင်အား ထုတ်လုပ် ကိုင်ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေးအစီ အစဉ်များ ကိုလည်း သတ်မှတ်ကာလအတိုင်း ပုံမှန်စိစစ်သွားနိုင်ပါမည်။ အရေးကြီးသည့်အချက်မှာ ဦးစား ပေးစီမံချက်များနှင့် ဘတ်ဂျက်ပမာဏ ပါဝင်သည့် နှစ်ပါတ်လည်ဖွံ့ဖြိုးရေးစီမံချက် ပြင်ဆင်ရန် ဖြစ်သည်။

(က) ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း

ဘုရားကုန်းကျေးရွာ ရွာတွင်းလမ်း (၁၁၀၀'x၆'x၆") ကွန်ကရစ်လမ်းခင်းခြင်းအား ရာသီ မရွေး ကျောင်းသားကျောင်းသူများ သွားလာရေးလွယ်ကူစေရေး ကျေးလက်ဦးစီးဌာနနှင့် ချိတ်ဆက်၍ ကျေးရွာမှလည်း ထည့်ဝင်ငွေများ ကောက်ခံ၍ အကောင်အထည်ဖော်ဆောင်ရွက် သွားပါမည်။

(ခ) ကျေးလက်ဆေးပေးခန်းတည်ဆောက်ခြင်း

ဘုရားကုန်းကျေးရွာသည် ကျေးရွာနှင့်(၂)မိုင်အကွာ ကလောနှင့် ရေလဲတို့ရှိ တိုက်နယ်ဆေးရုံ နှင့် ကျေးလက်ဆေးပေးခန်းတို့သို့ သွားရောက်ကုသရသောကြောင့် ကျန်းမာရေးဦးစီးဌာနနှင့် ချိတ်ဆက်၍ ကျေးရွာမှလည်း ထည့်ဝင်ငွေများ ကောက်ခံ၍ အကောင်အထည်ဖော် ဆောင်ရွက် သွားပါမည်။

(ခ) လျှပ်စစ်မီးလင်းရေးဆောင်ရွက်ခြင်း

ဘုရားကုန်းကျေးရွာသည် ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး အဘက်ဘက်မှ ဖွံ့ဖြိုးတိုး တက်မှုနောက်ကျနေသောကြောင့် လျှပ်စစ်ဦးစီးဌာနနှင့်ချိတ်ဆက်၍ လျှပ်စစ်မီးရရှိရေးအတွက် ကျေးရွာမှလည်း ထည့်ဝင်ငွေများ ကောက်ခံ၍ အကောင်အထည်ဖော်ဆောင်ရွက်သွားပါမည်။

(ဃ) မြစိမ်းရောင်စီမံကိန်း

ဘုရားကုန်းကျေးရွာ၏ ခနအင်အားအဆင့်အားခွဲခြားသတ်မှတ်ရာတွင် အဆင်ပြေသောအိမ်ထောင်စုမရှိကြောင်း၊ မပြေလည်သောအိမ်ထောင်စုများအတွက် အလုပ်အကိုင်အခွင့်အလမ်းကောင်းများရရှိရေး၊ အတိုးနှုန်းသက်သာစွာဖြင့် ချေးငွေရရှိရေးအတွက် မြစိမ်းရောင်စီမံကိန်းဆောင်ရွက်ခွင့်ရရှိအောင် ကျေးလက်ဦးစီးဌာနနှင့်ချိတ်ဆက်၍ ဆောင်ရွက်သွားမည်။

(င) ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း

ဘုရားကုန်းကျေးရွာ ရွာတွင်းလမ်း (၅၀၀၀'x၆'x၆") ကွန်ကရစ်လမ်းခင်းခြင်းအား ရာသီမရွေး ကုန်ထုတ်ယာဉ်များ ဖြတ်သန်းသွားလာဆက်သွယ်မှုပြုနိုင်ရေး ကျေးလက်ဦးစီးဌာနနှင့် ချိတ်ဆက်၍ ကျေးရွာမှလည်း ထည့်ဝင်ငွေများ ကောက်ခံ၍ အကောင်အထည်ဖော်ဆောင်ရွက်သွားပါမည်။

**၈။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု အချိန်ကာလ**

စီမံချက်များသည် အကောင်အထည်ဖော်မည့်ဗျူဟာများကို လုပ်ငန်းဆောင်ရွက်မှုများအဖြစ်သဘောထားနားလည်နိုင်စေမည့် ဖော်ထုတ်ထားချက်များဖြစ်သည်။ ထို့ကြောင့် စီမံချက်များသည် ငါးနှစ်တာ စီမံချက်ကာလအတွင်း ချမှတ်ထားသော ပန်းတိုင်များကိုရောက်ရှိရန် ပါဝင်ပေးမည့် ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်မှု ဆိုင်ရာ အဓိကသော့ချက်များဖြစ်သည်။

**(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်**

ကျေးရွာလူထုက ငါးနှစ်တာစီမခံချက်ကာလအတွက် ပြင်ဆင်ပြုစုကြသည့်ကာလက ဖော်ထုတ်၊ ဦးစားပေးတန်းစီခဲ့ကြသည့် စီမံချက်များသည် မည်သို့မျှ ပြည့်စုံမှုမရှိနိုင်ပါ။ ဤသည်မှာ ကျေးရွာလူထုသည်နှစ်နှစ်၊သုံးနှစ်တာကာလစီမံချက်များအတွက် မျှော်မှန်းရေးဆွဲထား နိုင်ကြသော်လည်းငါးနှစ်တာကာလတစ်လျှောက်လုံးတွင်နောက်ထပ်ဆောင်ရွက်မည့် ဦးစားပေးလုပ်ငန်း များကိုလည်းဖော်ထုတ်သွားကြပါမည်။သို့ပါသောကြောင့်ရေးဆွဲထားသည့်ငါးနှစ်တာစီမံချက်သည် ပြင်းထန်သောသဘာဝဘေးအန္တရာယ်ကဲ့သို့ ထိခိုက်စရာများမပေါ်ပေါက်ပါက အနည်းနှင့် အများဆိုသလို ပြောင်းလဲမှုမရှိနိုင်ပဲ နောက်ထပ်တိုးလာမည့် လုပ်ငန်းစီမံချက်များသာ ပါဝင်လာနိုင်ပါမည်။ ထို့ကြောင့် ငါးနှစ်တာကာလကျေးရွာဖွံ့ဖြိုးရေးစီမံချက်၏ဗျူဟာမြောက်မူဘောင်အတွင်း နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ကို ဆောင်ရွက်သွားကြပါမည်။

**(ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း**

စီမံကိန်း၊ စီမံချက်များကို စီမံချက်ဆိုင်ရာအချက်အလက်များကို စိစစ်စိတ်ဖြာနိုင်ရန် လုပ်ငန်းရပ်ဆိုင်ရာနှင့်ရင်းနှီးမြှုပ်နှံမှုကို အခြေခံပြီး အုပ်စုခွဲသည်။ လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း(Functional classification)ဖြင့် ဝန်ကြီးဌာနများ၊ ဦးစီးဌာနများအတွက် သက်ဆိုင်ရာလုပ်ငန်းများအလိုက်ဆောင်ရွက်ဘွယ်ရာများကိုသိရှိနားလည်စေနိုင်သည်။ ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic classification)သည် စီမံချက်ကို အကဲဖြတ်ရာတွင် စီးပွါးရေးအကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက်ရောက်မှုဆိုင်ရာ ငွေလုံးငွေရင်းအသုံးစရိတ်၊ စွမ်းဆောင်ရည်မြှင့်တင်ရေး၊လူသားချင်းဆိုင်ရာထောက်ပံ့မှုတို့ကိုခွဲခြားသိရှိစေရန် အထောက်အကူပြုသည်။

လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Functional classification)– ဝန်ကြီးဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍအပိုင်း အခြားများကို သိရှိစေနိုင်သည်။

ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Economic classification) တွင်

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်၊
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်

လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့ တို့ ပါဝင်သည်။

**(ဂ) ဦးစားပေးစီမံချက်များ**

စီမံချက်များအလိုက်ဦးစားပေးအစီအစဉ်များကို ဇယားဖြင့်ဖော်ပြထားပါသည်။ ကျေးရွာလူထုသည်နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များဦးစားပေးအစီအစဉ်ကိုဖော်ထုတ်ထားပါသည်။တချို့စီမံချက်များကိုရေးဆွဲရာတွင်မြို့နယ်အဆင့်ဌာနဆိုင်ရာ အဖွဲ့များအစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာ အကူအညီ များရရှိရန်လည်းလိုအပ်ပါသည်။ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

(၁) ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း(၁၁၀၀၀'x၆'x၆")

(၂) ကျေးလက်ဆေးပေးခန်းတည်ဆောက်ခြင်း

(၃) လျှပ်စစ်မီးလင်းရေးဆောင်ရွက်ခြင်း(၅၀၀၀ပေ)

(၄) မြစိမ်းရောင်စီမံကိန်း

(၅) ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း(၅၀၀၀'x၆'x၆")

**(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ**

အောက်ပါဇယားတွင် လုပ်ငန်းစတင်ရန်၊ ပြီးဆုံးရန် ခန့်မှန်းဖော်ပြထားသည့် ဦးစားပေး စီမံချက် များ၏ အချိန်ဇယားကို ဖော်ပြထားပါသည်။ ဤအစီအစဉ်ကို နှစ်အလိုက် လိုအပ်သလို ဖြည့်စွက်ပြင်ဆင်ပြီးနှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲရာတွင်လည်းထည့်သွင်းပေးမည်။

| စဉ် | စီမံချက် | အဆင့် | ၂၀၂၃ | ၂၀၂၄ | ၂၀၂၅ | ၂၀၂၆ | ၂၀၂၇ |
|---|---|---|---|---|---|---|---|
| ၁။ | ကျေးရွာတွင်းလမ်းကွန်ကရစ်လမ်း ခင်းခြင်း (၁၁၀၀'x၆'x၆") | ၁ | ✔ | | | | |
| ၂။ | ကျေးလက်ဆေးပေးခန်းတည်ဆောက်ခြင်း | ၂ | | ✔ | ✔ | ✔ | ✔ |
| ၃။ | လျှပ်စစ်မီးလင်းရေးဆောင်ရွက်ခြင်း (၅၀၀၀)ပေ | ၃ | | ✔ | ✔ | ✔ | ✔ |
| ၄။ | မြစိမ်းရောင်စီမံကိန်း | ၄ | | ✔ | ✔ | ✔ | ✔ |
| ၅။ | ကျေးရွာတွင်းလမ်းကွန်ကရစ်လမ်း ခင်းခြင်း (၅၀၀၀'x၆'x၆") | ၅ | | ✔ | ✔ | ✔ | ✔ |

## ၉။ ဘတ်ဂျတ်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင် ဖော်ပြထားသောစီမံချက်အလိုက် ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်းနမူနာ (indicative)အဖြစ် ကိုးကားရန် ပမာဏသာ ဖြစ်ပါသည်။ အမှန်တကယ် လိုအပ်သောဘတ်ဂျက် ပမာဏတွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေး ကော်မီတီသည် တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် ဝန်ဆောင်မှုပေးသည့်လုပ်ငန်းများထံမှ ဘတ်ဂျတ်အပါအဝင် စီမံချက်ပြုစုရေးဆွဲရေးအကူအညီများရရှိရန်လည်းလိုအပ်ပါသည်။ဖော်ပြထားသောရည်ညွှန်း ဘတ်ဂျက်ပမာဏတွင်ကျေးရွာလူထု၏ငွေသားမဟုတ်သောထည့်ဝင်မှုများကို ထည့်သွင်းဖော်ပြ ထားခြင်းမရှိပါ။ (ငွေသားမဟုတ်သောထည့်ဝင်မှု၊ဥပမာ လုပ်အား၊သဲ၊ကျောက်၊ ပစ္စည်းကိရိယာ၊အချိန် စသည်)

**စီမံချက်ဘတ်ဂျတ်**

| စဉ် | စီမံချက် | ရန်ပုံငွေ (သိန်း) | ရင်းနှီးမြှပ်နှံမှုအရအသုံးစရိတ်ခွဲခြားသတ်မှတ်ခြင်း (ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | | လူသားချင်းစာနာမှုဆိုင်ရာထောက်ပံ့မှု |
| | | | | ငွေလုံးငွေရင်းသုံးစရိတ် | စွမ်းဆောင်ရည်မြှင့်တင်ရေး | |
| ၁။ | ကျေးရွာတွင်းလမ်းကွန်ကရစ်လမ်းခင်းခြင်း(၁၁၀၀၀’x၆’x၆”) | | | ✔ | | |
| ၂။ | ကျေးလက်ဆေးပေးခန်းတည်ဆောက်ခြင်း | | | ✔ | | |
| ၃။ | လျှပ်စစ်မီးလင်းရေးဆောင်ရွက်ခြင်း(၅၀၀၀)ပေ | | | ✔ | | |
| ၄။ | မြစိမ်းရောင်စီမံကိန်း | | | ✔ | | |
| ၅။ | ကျေးရွာတွင်းလမ်းကွန်ကရစ်လမ်းခင်းခြင်း(၅၀၀၀’x၆’x၆”) | | | ✔ | | |

## ၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကိုကျေးရွာလူထုကဦးဆောင်အကောင်ထည်ဖော်မည်ဖြစ်သဖြင့် လုပ်ငန်း အောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာကျေးရွာတွင်တာဝန်ရှိပါသည်။

### (၁၀-၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင်ပါဝင်သောစီမံကိန်းလုပ်ငန်းများကိုအထိရောက်ဆုံး အကောင် အထည်ဖော်ရန်တာဝန်မှာကျွန်ုပ်တို့ကျေးရွာလူထု၏တာဝန်ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေး ကော်မတီသည်ပေါင်းစပ်ညှိနှိုင်းရေးနှင့်စီမံခန့်ခွဲရေးတာဝန်ကိုအဓိကယူပါမည်။ အဖွဲ့အစည်းအသီး သီး၊ ကော်မတီအသီးသီး အား တာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ဥပမာ- မိဘဆရာအသင်းသည်ကျေးရွာမူလတန်းကျောင်း၏ ပညာရေးအရည် အသွေးကောင်းမွန်တိုးတက်ရန်တာဝန်ယူဆောင်ရွက်စေ၍လယ်သမားအဖွဲ့က ကျေးရွာလယ်ယာ ကုန်ထုတ်လမ်းအဆင့် မြှင့်ခြင်းလုပ်ငန်းကို တာဝန်ယူဆောင်ရွက်စေ ခြင်းဖြစ်ပါသည်။

### (၁၀-၂) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

ကျွန်ုပ်တို့ကျေးရွာကော်မတီအဖွဲ့များက ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာ တွင် ဦးဆောင်စီမံခန့်ခွဲမှုတာဝန်ယူဆောင်ရွက်သော်လည်း အခြားသောဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့ များကို လည်းရှာဖွေဆက်သွယ် ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ကိုယ်တိုင် မတတ်နိုင်သော အကူအညီများ ရယူဆောင်ရွက်ရန်ဖြစ်ပါသည်။ ဥပမာ- မိဘဆရာအသင်းသည် မူလတန်းပညာရေး သင်ကြားမှုအရည်အသွေးတိုးတက်ရေးဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့်ချိတ်ဆက်ညှိနှိုင်း ဆောင်ရွက်ရပါမည်။ လယ်သမားအဖွဲ့အစည်းကလည်း လယ်ယာကုန်ထုတ်လုပ်ငန်း အထောက် အကူပြုလမ်း အဆင့်မြှင့်တင်ရန် မြို့နယ်ဆောက်လုပ်ရေးဌာနနှင့်ဆက်သွယ်၍အင်ဂျင်နီယာ ဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာ အကူအညီများ ရယူရပါမည်။

### (၁၀-၃) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏ အသေးစိပ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင် တင်ဒါခေါ်ယူ ဆောင်ရွက်ရမည့် ကိစ္စများကိုလည်းတွေ့ရပါမည်။ ဤလုပ်ငန်းအမျိုးအစားများအတွက် အောက်ပါ အဖွဲ့အစည်း/ပုဂ္ဂိုလ် များ၏ ပါဝင်မှုမှာအမှန်ပင်လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့် ခွဲမှုဆိုင်ရာဝန်ဆောင်မှုပေးသည့်အဖွဲ့များ(နိုင်ငံတကာဖွံ့ဖြိုးမှုအဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုး ရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်များ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့်အဖွဲ့အစည်းများကစီမံကိန်းလုပ်ငန်းတွင် ဖော်ပြထား သောသတ်သတ်မှတ်မှတ်ကိစ္စများကိုသာကြီးကြပ်မှုပေးမည်ဖြစ်ပြီးလုပ်ငန်းတစ်ခုလုံး လွှမ်းခြုံကြီး ကြပ်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးကော်မတီကတာဝန်ပေးထားသောအဖွဲ့၏ တာဝန်သာ ဖြစ်ပါသည်။ အချို့ကိစ္စများတွင်ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာဦးစီးဌာနက တာဝန်ယူ ပါမည်။ ဤကိစ္စမျိုးတွင်ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန်ပေးထားသောကော်မတီကိုဦး ဆောင်၍ မြို့နယ်ဌာနဆိုင်ရာအဖွဲ့ အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ပါမည်။

**၁၀.၄ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာ အစီအစဉ်များနှင့် ငွေကြေးဆိုင်ရာအစီအမံများ**

ကျွန်ုပ်တို့ကော်မတီအနေဖြင့်လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေးအစီအစဉ်များထားရှိမည်။ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှ အသုံးပြုခကောက်ခံခြင်း၊စေတနာအလျောက်ထည့်ဝင်လိုသူများထံမှအလှူငွေကောက်ခံခြင်းတို့ကို ဆောင်ရွက် မည်။ထို့အပြင်တံတားပေါ်ဖြတ်သန်းသွားလာသယ်ယူမည့်ပစ္စည်းများ၏ပမာဏကို ကန့်သတ်ခြင်း ကဲ့သို့သော စည်းကမ်း များ သတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာကော်မတီ၊ အဖွဲ့အားတာဝန်အပ်နှင်းဆောင်ရွက်မည်ဖြစ်ပါသည်။ဥပမာအားဖြင့် တံတားပြုပြင်ထိန်းသိမ်းရေးအတွက် လမ်းကော်မတီ၊ စာသင်ကျောင်းပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်းစသည်ဖြင့် ဆောင်ရွက်ပါမည်။

**၁၁။ စီမံကိန်းအားစဉ်ဆက်မပြတ်လေ့လာဆန်းစစ်ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း**

ကျွန်ုပ်တို့၏ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အကောင်အထည်ဖေါ်ရာတွင် တိုးတက်မှုအခြေအနေများအားစနစ်တကျကြီးကြပ်စစ်ဆေးအကဲဖြတ်ကြပါမည်။အစကနဦး၌ ကြီးကြပ်စစ်ဆေး အကဲဖြတ်ခြင်းလုပ်ငန်းကိုရိုးရှင်းလွယ်ကူသောနည်းလမ်းများဖြင့်ဆောင်ရွက်ပါမည်။သို့မှသာ ရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေး အကဲဖြတ်သည့်လုပ်ငန်းကိုပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါလိမ့်မည်။ လူထုဗဟိုပြု၍အားလုံးပူးပေါင်းပါဝင်သောကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အကောင်အထည်ဖေါ်သောနည်းလမ်းကိုလက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြီးကြပ် စစ်ဆေးသုံးသပ်ရာတွင် ကျေးရွာအတွင်းရှိအဖွဲ့အစည်းများ၊ အိမ်ထောင်စုများ တက်ကြွစွာ အတူပူးပေါင်းဆောင်ရွက်ရန် ဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သော အဖွဲ့အစည်းစနစ်၊ လုပ်ထုံး လုပ်ငန်းများတည်ဆောက်ပါမည်။

**(၁၁-၁) ကြီးကြပ်စစ်ဆေးခြင်း(Monitoring)**

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်၏ လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု(physical progress) နှင့် ငွေကြေးဆိုင်ရာတိုးတက်မှု(financial progress) တို့ကိုစနစ်တကျ ကြီးကြပ်စစ်ဆေးပါမည်။ ၎င်းစစ်ဆေးခြင်းကို (၃)လပတ် အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ် စစ်ဆေးခြင်း လုပ်ငန်းကိုကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာစီမံကိန်းလုပ်ငန်းအလိုက်တာဝန်ယူဆောင်ရွက်နေသောအဖွဲ့အသီးသီး၊ ကော်မတီအသီးသီးတို့က မိမိတို့ တာဝန်ကျရာကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့အသီးသီး၊ကော်မတီအသီးသီးသည် မိမိတို့၏ စီမံကိန်းဆိုင်ရာ ကနဦးသတင်းအချက်အလက်များ (Baseline) ရရှိအောင် ဆောင်ရွက်ကြပါမည်။ယင်းအခြေခံသတင်းအချက်အလက်များသည် စီမံကိန်း၏ တိုးတက်မှုကို တိုင်းတာမည့် အညွှန်းကိန်း (indicator) များဖြစ်ပါမည်။ (၃)လပတ်ကုန်ဆုံးချိန်တိုင်းတွင် ကော်မတီနှင့် အဖွဲ့အသီးသီးသည် ၎င်းတို့၏ ကြီးကြပ်စစ်ဆေးတွေ့ရှိမှုအစီရင်ခံစာ(monitoring report)ကို ရွာလူထု အစည်းအဝေး၌အစီရင်ခံတင်ပြပါမည်။ ဆက်လက်ညှိနှိုင်းဆောင်ရွက်ရမည့်ကိစ္စများကို ကျေးရွာဖွံ့ဖြိုးမှုကော်မတီမှ ဦးဆောင်ပါမည်။ (၃)လပတ်ကြီးကြပ် စစ်ဆေးမှုအစီရင်ခံစာသည်အောက်ပါ အချက်များအပေါ် ဦးတည်ပါမည်။

(က) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု( Physical progress)

